Communities and Justice

မြန်မာ
Burmese



# ၂၀၂၃ ခုနှစ် ယဉ်ကျေးမှုပေါင်းစုံ လူမှုအဖွဲ့အစည်းအတွက် အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုအကြမ်းဖက်မှုနှင့် လိင်ပိုင်းအကြမ်းဖက်မှုကို အသိရှိပြီး တုံ့ပြန်မှုဆိုင်ရာ ရန်ပုံငွေ အစီအစဉ်

နယူးဆောက်သ်ဝေးလ်စ် အစိုးရသည် အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစုအကြမ်းဖက်မှုနှင့် လိင်ပိုင်း အကြမ်းဖက်မှုတို့နှင့်ပတ်သက်၍ ယဉ်ကျေးမှုပေါင်းစုံ လူမှုအဖွဲ့အစည်းအတွက် ရန်ပုံငွေ အစီအစဉ်ကို ထုတ်ပြန်လိုက်သည်။

ဤရန်ပုံငွေမှာ တစ်ကြိမ်တည်းသာ ထုတ်ပေးမည့်  စုစုပေါင်း ရန်ပုံငွေ ဒေါ်လာနှစ်သန်းဖြစ်ပါသည်။

ရန်ပုံငွေ ရရှိနိုင်မည့် လျှောက်ထားသူများသည် အိမ်တွင်းအကြမ်းဖက်မှု၊ မိသားစု အကြမ်းဖက်မှုနှင့် လိင်ပိုင်းအကြမ်းဖက်မှုကို အသိရှိပြီး တုံ့ပြန်နိုင်ရန်အတွက်  ယဉ်ကျေးမှုပေါင်းစုံ လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မဖြစ်မနေ တည်ဆောက်ပေးရပါမည်။

ဤခွင့်ပြုရန်ပုံငွေကို အမြတ်အစွန်း မယူသော တရားဝင် မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့်  နယူးဆောက်သ်ဝေးလ်စ် လူမှုအဖွဲ့အစည်းများကသာ လျှောက်ထားနိုင်သည်။

အကယ်၍ အမြတ်အစွန်း မယူသော တရားဝင် မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် ယဉ်ကျေးမှုပေါင်းစုံ လူမှုအဖွဲ့အစည်းမဟုတ်ပါက၊ လျှောက်ထားခွင့်ရှိသော အဖွဲ့အစည်းနှင့် ပူးတွဲ၍ လျှောက်ထားနိုင်သည်။

ရန်ပုံငွေ ဒေါ်လာ နှစ်သောင်းမှ တစ်သိန်း ငါးသောင်းအထိ လျှောက်ထားရန်အတွက်  ရန်ပုံငွေ လမ်းညွှန်ချက်များကို အတိအကျလိုက်နာရမည်။

ဤရန်ပုံငွေများအကြောင်းကို ပိုမိုသိရှိရန် အောက်ဖော်ပြပါ ဝက်ဘ်ဆိုက်၌ကြည့်ပါ။

https://www.dcj.nsw.gov.au/service-providers/grants/domestic-family-sexual-violence-multicultural-community-grant.html

ဤရန်ပုံငွေအစီအစဉ်နှင့်ပတ်သက်ပြီး အကြံဉာဏ်လိုအပ်ပါက၊ DFSV Multicultural Grants (ယဉ်ကျေးမှုပေါင်းစုံ ရန်ပုံငွေ) ချပေးရေးအဖွဲ့ကို WFCS.DFSVMulticulturalGrant@facs.nsw.gov.au. အီးမေးလ်အရ ဆက်သွယ်နိုင်ပါသည်။

သင့် လူမှုအဖွဲ့အစည်းအတွက် မည်သည်က အကောင်းဆုံးဖြစ်မည်ကို သင်သိသည့်အလျောက် သင်၏ ရန်ပုံငွေလျှောက်လွှာကို နယူးဆောက်သ်ဝေးလ်စ် အစိုးရက ကြိုဆိုပါသည်။



NSW
GOVERNMENT